## ပိုးသတ်ဆေး၏ဘေးဒဏ်ကြောင့်ပါဝင်မှု မြင့်မားရသည့် အကြောင်းအရင်းများ

၁။ ပိုးသတ်ဆေးကို မလိုအပ်ဘဲ အသုံးပြုခြင်း။

၂။ ပိုးသတ်ဆေးကို လွဲမှားစွာ အသုံးပြုခြင်း။

၃။ အရည်အသွေးမပြည့်မီသော(တရားမဝင်)ပိုးသတ်ဆေးများ အသုံးပြုခြင်း။

၄။ လိုအပ်သောနှုန်းထားထက် ပိုမိုအသုံးပြုခြင်း။

၅။ ပိုးသတ်ဆေးပက်ဖျန်းသည့် အကြိမ်အရေအတွက် လိုအပ်သည်ထက် ပိုမိုပက်ဖျန်းခြင်း။

၆။ ပိုးသတ်ဆေးပက်ဖျန်းရာတွင် ပျက်စီးနေသော ဆေးဖျန်းကိရိယာများကို အသုံးပြုခြင်း။

၇။ ပိုးသတ်ဆေး ပက်ဖျန်းပြီးချိန်မှ မရိတ်သိမ်းမီအတွင်း စောင့်ဆိုင်းရမည့်ကာလအားမစောင့်ဘဲ သီးနှံများအား ရိတ်သိမ်းခြင်း။

၈။ ပိုးသတ်ဆေးပက်ဖျန်းသည့်ပုံစံ မမှန်ကန်ခြင်း။


၉။ သုံးစွဲပြီး ပိုးသတ်ဆေးများကို စနစ်တကျ မစွန့်ပစ်ခြင်း။

## ဆေးဝယ်ယူရာတွင် သတိပြုရမည့် အချက်များ

၁။ ကျရောက်သောဖျက်ပိုးနှင့် ပက်ဖျန်းရမည့်ဆေး ကိုက်ညီမှု ရှိအောင်ဝယ်ယူပါ။

၂။ မြန်မာအညွှန်းမပါ။ အညွှန်းဆုတ်ပြဲသော ပိုးသတ်ဆေးအား မဝယ်ပါနှင့်။

၃။ မူလအထုတ်၊ ပုလင်း၊ ဗူးအတိုင်း ဝယ်ပါ။



## ဆေးဖျော်စပ်ရာတွင်သတိပြုလိုက်နာရမည့် အချက်များ

၁။ ပိုးသတ်ဆေးများကို ရောစပ်ရာတွင် ထောက်ခံထားသည့် ပြင်းအား၊ နှုန်းထားအတိုင်းရောစပ်ပါ။

၂။ အသုံးပြုမည့် ပမာဏထက်ပို၍ မဖျော်ရ။

၃။ ပိုးသတ်ဆေးအချင်းချင်းကို မိမိဘာသာရောစပ်ခြင်းမပြုရပါ။


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန မှ


ထုတ်ဝေထားသည့် ပညာပေးလက်ကမ်းစာစောင်များအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထပ်ဆင့်ဖြန့်ဝေပါသည်။

Myanmar Rice Federation

# ပိုးသတ်ဆေးနှင့် ဆေးဖျန်း ကိရိယာများစနစ်တကျ သုံးစွဲနည်းလမ်းများ



## ဆေးဖျန်းရာတွင် သတိပြုလိုက်နာရမည့် အချက်များ

၁။ လေအောက်မှ ပိုးသတ်ဆေးမဖျန်းရပါ။

၂။ လေပြင်းထန်သောအချိန်တွင် ဆေးမဖျန်းသင့်ပါ။

၃။ နေပူ၍ အပူချိန်မြင့်မားချိန်တွင် ဆေးမဖျန်းသင့်ပါ။

၄။ ဆေးစတင်မဖျန်းမီ အသုံးပြုမည့် ဆေးဖျန်းကိရိယာ၏ အစိတ်အပိုင်းများ ကောင်းမွန်မှု ရှိ/မရှိ စစ်ဆေးပါ။

၅။ ဆေးဖျန်းပုံးအတွင်းသို့ ရေကို (၂/၃)ခန့်အထိ ရေစစ်ဇကာကို အသုံးပြု၍ ထည့်ပါ။

၆။ ဆေးရည်ထည့်ပြီးပါက ဆေးဖျန်းပုံး အပိတ်ကို တင်းကြပ်စွာ ပိတ်ပါ။


၇။ ဆေးဖျန်းခေါင်းနှင့် အပင်၏ အသင့်တော်ဆုံး အကွာအဝေးမှာ (၃၀) စင်တီမီတာ ဖြစ်သည်။ ဆေးစက်ပျံ့နှံ့မှု အကွာအဝေးမှာ (၄ . ၄ . ၅)ပေ အထိသာ ဖျန်းပါ။



၈။ ယာမြေတွင် လမ်းလျှောက်နှုန်းမှာ (၃)ပေ/စက္ကန့်နှုန်းဖြစ်၍ လယ်မြေများတွင်(၁. ၅)ပေ/တစ်စက္ကန့်နှုန်း ပုံမှန်လျှောက်ပါ။

၉။ ဆေးဖျန်းရာတွင်ဆေးဖျန်းခေါင်းကို လေအောက်ဖက်တွင် ထား၍ ဆေးဖျန်းပါ။

၁၀။သီးနှံပင်များကို ဆေးဖျန်းရာတွင် သီးနှံဖြစ်ထွန်းချိန်တစ်လျှောက် တစ်တန်းခြင်း ဖျန်းပါ။



၁၁။ဆေးဖျန်းစဉ်အတွင်း လေဖိအားလျော့နည်းသွားပါက ထွက်လာသောဆေးစက်၏ အရွယ်အစားပိုကြီးလာသည့်အတွက် အပင်များကို ထိခိုက်လောင်ကျွမ်းစေနိုင်သောကြောင့် လေဖိအားပုံမှန်အနေအထားအတိုင်းရှိစေရန် လေထပ်ဖြည့်ပေးပါ။

## အသုံးပြုပြီးနောက် ကိုင်တွယ်ထိန်းသိမ်းနည်းလမ်းများ

၁။ ဆေးဖျန်းပုံးအတွင်း ကျန်ရှိနေသော ဆေးရည်များကို အောက်ခြေရှိ အပေါက်မှ ကုန်စင်အောင် ထုတ်ပေးရမည်။ ရေစီးနေသောချောင်း၊ မြောင်းအတွင်း စွန့်ထုတ်ခြင်း မပြုလုပ်သင့်ပါ။

၂။ ဆေးဖျန်းပုံးအဖုံးကို ခပ်ချောင်ချောင် ထားပေးရမည်။ ဆေးဖျန်းပုံးတစ်ခုလုံးရှိစွတ် စိုနေသောရေများကို အဝတ်စဖြင့် ခြောက်သွေ့အောင် သုတ်ပေးပါ။

၃။ ဆေးဖျန်းခေါင်းတွင် ဆေးအကြွင်းအကျန်များ၊ အညစ်အကြေးများမရှိစေရန် အတွက်ဆေးကြောပါ။

၄။ ဆေးကြောသန့်စင်ပြီးနောက် အသုံးမပြုမီအချိန်အတွင်း ကလေးများ၊ တိရစ္ဆာန်များ၊ အစားအစာများနှင့်ဝေးသောနေရာတွင် လုံခြုံစွာသိမ်းဆည်းထားပါ။

